# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 27 , 2023 Volume 70, Number 19

၂၇.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၇.၃၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၂.၂၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၁.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၈.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၃၄ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဈေးမြင့်တက်နေခဲ့တဲ့ သကြားဈေးပြန်ကျ

ပြည်တွင်း သကြားဈေးမြင့်တက်လာရာကနေ ယခုစက်တင်ဘာလတွင် အနည်းငယ် ပြန်လည်ကျဆင်းသွားကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်ဘုရင်နောင်ကုန်စည်ဒိုင်ဈေးကွက်တွင် သကြားတစ်ပိဿာကို ၃၅၈၀ ကျပ်မှ ၃၆၀၀ ကျပ်သာရှိတော့သဖြင့် ယခင်ကထက် တစ်ပိဿာကို ၅၀ ကျပ်မှ ၁၀၀ ဝန်းကျင် ထပ်မံကျဆင်းသွားခြင်းဖြစ်ဟုသိရသည်။

ဩဂုတ်လကုန်ပိုင်းတွင် သကြားတစ်ပိဿာကို ၃၇၀၀ ကျပ်မှ ၃၇၂၀ ကျပ်အထိ အမြင့်ဆုံးဈေးတန်းဖြစ်ခဲ့ပြီး ယင်းနောက်စက်တင်ဘာလဆန်းတွင် တစ်ပိဿာကို ၆၂၀ မှ ၆၅၀ ကျပ်သာရှိသဖြင့် တစ်ပိဿာကို ၇၀ ကျပ်ဈေးကျခဲ့ကြောင်း သိရသည်။

သကြားဈေးသည် ကမ္ဘာ့သကြားဈေး အပေါ်လိုက်ပြီး အတက်အကျဖြစ်သလို ပြည်တွင်း သကြားလက်ကျန်နည်းပါကလည်း သကြားကုန်သည်များ၏ ဈေးကစားမှုအပေါ်လိုက်ပြီးလည်း သကြားဈေးတက်ခြင်း၊ ကျခြင်းဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဋ္ဌေးမှ ပြောပြသည်။ “အခုက စက်ရုံတွေမှာ သကြားသိပ်မရှိတော့ဘူး၊ ကုန်သည်တွေ လက်ထဲမှာပဲ သကြားက လက်ကျန်ရှိတော့တယ်၊ ဒီတော့ သကြားဈေးကို ကုန်သည်တွေက ဈေးကစားနေတဲ့သဘောရှိတယ်။ ကုန်စည်ဒိုင်ဈေးက သကြားဖြူဈေးနှုန်းပါ။ သကြားဖြူက အစားများဆုံးပါ၊ လက်ကျန်နည်းပေမယ့် စိုးရိမ်စရာမရှိဘူး" ဟု ဦးဝင်းဋ္ဌေးမှပြောသည်။

သန့်စင်သကြားကို ယခင်က ပြည်ပကနေ တင်သွင်းမှုများပြားခဲ့သော်လည်း လက်ရှိတွင် ပြည်တွင်းမှထွက်ရှိသည့်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်းအား အကန့်အသတ်ဖြင့် ခွင့်ပြုနေသည့်အပြင် နိုင်ငံခြားငွေလဲနှုန်း မတည်ငြိမ်ခြင်း၊ နိုင်ငံခြားငွေဝယ်ယူရန် ခက်ခဲခြင်းတို့ကြောင့် ပြည်တွင်းထွက်သကြားကိုသာအဓိက အသုံးပြုနေကြရသဖြင့် သကြားဈေးသည် ကုန်သည်များ၏ ဈေးကစားခြင်း ခံနေရခြင်းဖြစ်သည်ဟု သိရသည်။

ထို့ကြောင့်ပြည်တွင်းလုပ်ငန်းများတွင် သကြားသုံးစွဲရန်လိုအပ်သည့် လုပ်ငန်းရှင်များကို ပြည်ပကနေသာ သကြားတင်သွင်းခွင့်ပြုပေးမည်ဆိုလျှင် ပြည်တွင်းသကြားဈေးသည် ယခုထက်ပိုပြီးဈေးကျဆင်းနိုင်ကြောင်း သိရသည်။

လက်ရှိ သကြားဈေးသည် ကုန်စည်ဒိုင်တွင် ၃၅၈၀ ရှိပြီး လက်လီဈေးကွက်တွင်လည်း တစ်ပိဿာကို ၄၀၀၀ ကျပ်ဈေးရှိကြောင်း ယင်းဈေးနှုန်းသည် ပြန်လည်ကျဆင်းလာသည့်ဈေးတန်းဖြစ်သော်လည်း ယခင်နှစ် သကြားဈေးကွက်နှင့်နှိုင်းယှဉ်

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ပါက အမြင့်ဈေးတန်းတစ်ခုဖြစ်နေသေးဟုသိရသည်။ "သကြားဈေးက ကျသွားတာဟုတ်တယ်၊ ဒါပေမယ့် ကျတဲ့ဈေးနှုန်းက အမြင့်တန်းဖြစ်နေသေးတယ်။ အရင်ကဆို တစ်ပိဿာမှ ၁၈၀၀ ၊ ၂၀၀၀ လောက်အထိပဲရှိခဲ့တယ်။ သကြားက အဓိကတော့ ကျနော်တို့လို မုန့်လုပ်ငန်းတွေ၊ လက်ဖက်ရည်ဆိုင်တွေက အဓိကသုံးကြတာ၊ စားသုံးတဲ့ပြည်သူကတော့ သုံးတာနည်းတာ" ဟု မုန့်မျိုးစုံ လုပ်ငန်းလုပ်ကိုင်နေသူ ကိုစိုးကိုမှပြောသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ပျမ်းမျှသကြားတန်ချိန် လေးသိန်းခန့်ထွက်ရှိပြီး မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲရာသီမှာ နှစ်စဉ် ဒီဇင်ဘာလမှစတင်ကာ ဧပြီလဆန်းပိုင်းတွင် ကုန်ဆုံးလေ့ရှိကြောင်း၊ ကြံကို စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း(အရှေ့ခြမ်းနှင့်အနောက်ခြမ်း)၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် စိုက်ပျိုးကြကြောင်းသိရသည်။ လာမည့် ကြံကြိတ်ဝါးရာသီတွင် ကြံတစ်တန်ကိုစက်ရုံအရောက်ဈေး ၁၀၀၀၀၀ ကျော်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း သကြားစက်ရုံအချို့ကဈေးဖွင့်ထားကြသည်။

Source: AMIA

Awba

## ဈေးကောင်းရနေသည့် ကြက်သွန်နီဈေးများပြန်ကျနေ




ပြည်ပအဝယ်နည်းသွားသည့်အတွက် ဈေးကောင်းရနေသည့် ကြက်သွန်နီဈေးများ ပြန်ကျသွားကြောင်း ကြက်သွန်ကုန်သည်များထံမှ သိရသည်။

ပြည်ပသို့ အရည်သွေးမမှီသည့် အညိုအမဲ ကြက်သွန်များတင်ပို့မှု များနေခြင်းကြောင့် ပြည်ပအဝယ်အေးသွားကြောင်းလည်းသိရသည်။

ဈေးကွက်မှာက အရည်သွေးမမှီသည့် အညို၊ အမဲ ကြက်သွန်တွေပဲကျန်တော့တယ်။ ပြည်ပကို အဲဒီကြက်သွန်တွေ တင်ပို့တာများတော့ ဈေးကွက် ပျက်ပြီး ပြည်ပအဝယ်ကျသွားတာလို့ပြောကြတယ်။ တချို့ကုန်သည်တွေက တောင်သူတွေဆီက ဈေးကျတုန်းဝယ်ထားပြီး လှောင်ထားကြတယ်။ လှောင်တာကြတော့ ကြက်သွန်တွေက အညိုအမဲတွေဖြစ်၊ အပင်အညှောင့်တွေ ထွက်ကုန်ပြီး အရည်အသွေးတွေကျကုန်တယ်။ အခုတော့ဈေးကပြန်ကျသွားပြီး အရောင်းဝယ်တွေအေးနေတယ်ဟု ကြက်သွန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကြက်သွန်နီတစ်ပိဿာလျှင် ယခင်က ၃၀၀၀ မှ ၃၅၀၀ ကျပ်အထိ ရှိခဲ့ပြီး၊ လက်ရှိဈေးကွက်တွင် တပိဿာလျှင် ၃၂၀၀ ကျပ်သာရှိတော့ကြောင်းသိရသည်။ လောလောဆယ်တော့ ဈေးက ၂၂၀၀ နဲ့ပဲဝယ်တယ်။ ၉ လပိုင်း စလာကတည်းက ထိုးကျသွားတာ။ တောဈေး ၃၅၀၀ ကနေ ကျသွားတာ ၊ ၂၂၀၀ ကတော့ ဘယ်တွက်ခြေကိုက်ပါမလဲ။ လွန်ခဲ့တဲ့ ၂၀၂၀ ၊ ၂၀၂၁ ခန့်ကဈေးတွေပဲ သဘောကျတယ်။ ပြည်ပက အဝယ်နည်းတော့အရောင်းအဝယ်ကလည်း အခုတလော ဒီဘက်တွေမှာလည်း အရောင်းအဝယ်မရှိသလောက်ပဲ”ဟု မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်မှ ကြက်သွန်စိုက်တောင်သူ ကိုအောင်စိုးမြင့်ကပြောသည်။

ကြက်သွန်တောဈေး ၃၀၀၀ ခန့်ရမှသာ တွက်ခြေကိုက်မှာဖြစ်၍ ယခုဈေးဖြင့် တချို့တောင်သူများ မရောင်းကြကြောင်းလည်းသိရသည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် လက်ကျန်နည်းနေပြီး လာမည့်နိုဝင်ဘာလတွင် ကြက်သွန်အသစ်များလည်း ဝင်ရောက်လာတော့မည်ဖြစ်ကြောင်းသိရသည်။ ကြက်သွန်အသစ်များ ပြန်လည်ပေါ်လာမှသာ ဈေးကွက်ပြန်ကောင်းလာနိုင်ကြောင်း သုံးသပ်ကြသည်။

လက်ရှိ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဆိပ်ဖြူရှယ်တပိဿာလျှင် ၂၉၀၀ ကျပ်ပေါက်ဈေးရှိပြီး ဆိပ်ဖြူလက်ချောမှာ ၂၅၀၀ ကျပ်ပေါက်ဈေးရှိကြောင်းသိရသည်။ လတ်တလောတွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့်သွင်အားစုများ ဈေးကြီးနေသောကြောင့် သယ်ယူပို့ဆောင်ရေးအပါအဝင် အခြားအခက်ခဲများစွာရှိနေကြောင်းလည်းသိရသည်။

ကြက်သွန်နီကို တရုတ်၊ မြဝတီနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ အဓိကတင်ပို့နေကြခြင်းဖြစ်ပြီး၊ လက်တလော အဆိုပါနိုင်ငံများမှာ ကြက်သွန်လိုအပ်ချက်နည်းလာခြင်းတို့ကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရသည်။

Source: AMIA https://t.me/htwetoe

## အောက်တိုဘာမှစပြီး ပြည်ပသို့ ဆန်တင်ပို့မှု အားကောင်းမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းဆို

လာမည့် အောက်တိုဘာလမှစတင်ပြီး ပြည်ပဈေးကွက်ထံ မြန်မာ့ဆန်တင်ပို့မှု ပြန်လည်အားကောင်းလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF) တာဝန်ရှိသူကပြောသည်။

“တကယ်တင်ပို့မယ့်အချိန်ကတော့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဒီ ၆ လက ဆန်စပါး တင်ပို့မယ့် အားအကောင်းဆုံး အချိန်ကာလပဲဖြစ်ပါတယ်ဟု (MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ လက်ရှိ မိုးတွင်း ကာလမှာ ဆန်ပြည်ပတင်ပို့မှုလျော့နည်းနေပြီး တစ်ဖက်မှာလည်း သင်္ဘောတင်ဖြစ်သလို သိုလှောင်မှုအပိုင်းမှာလည်း အစိုဓာတ်ဖြစ်ပေါ်မှုတွေရှိနေသည်။ ၂၀၂၃ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်မှာတော့ ဆန်၊ ဆန်ကွဲ တန်ချိန် ၃ သိန်းကျော်၊ ၄ သိန်းနီးပါးတင်ပို့ထားကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံတွေထံ ဆန်၊ ဆန်ကွဲတန်ချိန် ၂ ဒသမ ၅သန်းရောင်းချနိုင်ဖို့ ရည်မှန်းထားပြီး အဲဒီကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိဖို့ မျှော်လင့်ထားသည်။

အိန္ဒိယ၏ ကမ္ဘာ့ဈေးကွက်ထဲ ဆန်ရောင်းချမှုကန့်သတ်လိုက်ခြင်းကြောင့် ထိပ်တန်းဆန်တင်ပို့သူတွေဖြစ်တဲ့ ထိုင်းနဲ့ ဗီယက်နမ်အပါအဝင် မြန်မာ့ဆန်ဈေးနှုန်းတွေလည်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

စီးပွားကူးသန်းက ပြည်ပတင်ပို့မည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းတွေကို ကြိုတင်စိစစ်ပြီး ၁၀၀ ရာခိုင်နှုန်းအသင့်ရှိမှ ပို့ကုန် လိုင်စင်ခွင့်ပြုတဲ့စနစ်ကို ကျင့်သုံးနေသောကြောင့်ဖြစ်သည်။

**Source: မကွေးဂျာနယ်**

## မန္တလေးကုန်စည်ဒိုင်တွင် ပို့ကုန်ပဲများအရောင်းအဝယ်ကောင်းမွန်ပြီးဈေးမြင့်လာ

စက်တင်ဘာလ နောက်ဆုံးပတ် မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ယခင်တစ်ပတ် ဈေးအေးသွားတဲ့ ပို့ကုန်ပဲများ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးပြန်မြင့်လာသည်။ ပို့ကုန်ပဲများ လက်ကျန်နည်းကာ ဈေးကွက်ထဲအဝင်နည်းပေမဲ့ ပြည်ပအဝယ် ကောင်းမွန်လာသောကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**မတ်ပဲ** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၄၅၀၀၀ မှ ၂၄၈၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၃၅၀၀၀ မှ ၂၄၅၀၀၀၊ ယခင်လ ကျပ် ၂၃၀၀၀၀ မှ ၂၃၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀၀ မှ ၁၀၀၀၀ ၊ ယခင်လထက်ကျပ် ၁၅၀၀၀ မှ ၁၆၀၀၀ မြင့်တက်လာသည်။

**ပဲစင်းငုံ(နီ)** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၉၅၀၀၀ မှ ၄၀၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၃၈၀၀၀၀ မှ ၃၈၅၀၀၀ ၊ ယခင်လ ကျပ် ၃၃၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀၀ ၊ ယခင်လထက် ကျပ် ၆၅၀၀၀ မှ ၇၀၀၀၀ မြင့်တက်လာသည်။

**ပဲတီစိမ်း (ညာ)** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၆၂၀၀၀ မှ ၁၇၃၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၅၅၀၀၀ မှ ၁၇၃၀၀၀ ၊ ယခင်လ ကျပ် ၁၄၅၀၀၀ မှ ၁၆၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၇၀၀၀ ၊ ယခင်လထက် ကျပ် ၇၀၀၀ မှ ၁၇၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်ကွဲ၊ ပြောင်း၊ ဆန်နှင့်ကြိမ်များ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်း ငွေပမာဏမှာ ၇၆၄၈၀၃.၉၃၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၅၈၀၆၈၅.၈၁၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ် ပါက ၁၈၄၁၁၈.၁၂၀ ကန်ဒေါ်လာ တန်ဖိုးပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်နေ့အတွင်း ချည်ထည်များ၊ လုပ်ငန်းသုံးအခြားပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့် စက် ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ)ဆောက်လုပ်ရေးပစ္စည်းများ၊ အပ်ချည်ကြိုးများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတ်မြေဩဇာ၊ သံပိုက်၊ ပန်းသီးနှင့်မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၆၂၄၉၁၀.၄၂၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၅၀၁၂၇၂.၄၇၀ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၂၃၆၃၇.၉၅၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၃၉၈၈၉၃.၅၁၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၆.၅၃ ကျပ် ရှိကြောင်းသိရှိရပါသည်။

Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး

## စက်တင်ဘာလအတွင်း ပဲနှမ်းဈေးကွက်အခြေအနေ

မကွေးတိုင်းဒေသကြီးအတွင်းရှိ အောင်လံကုန်စည်ဒိုင်တွင် ပဲနှမ်းများနေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ဈေးနှုန်းများအနေဖြင့် အရည်အသွေးနှင့် ဝယ်လိုအားပေါ်မူတည်၍ ဈေးအတက်အကျဖြစ်ပေါ်လျက်ရှိပါသည်။

စက်တင်ဘာလ ပထမပတ်တွင် နှမ်းနက်(စမုံ)ဈေးမှာ (၄၅)ပိဿာ(၃)တင်းဝင် (၁)အိတ်လျှင် ကျပ်(၃၅၅၀၀၀၀)ထိ ဈေးရရှိခဲ့ပြီး နောက်ဆုံးပတ်တွင် ကျပ်(၃၂၅၀၀၀၀)သာဈေးရရှိခဲ့ပါသည်။ နှမ်းနီဈေးမှာ ပထမပတ်တွင် ကျပ်(၃၁၀၀၀၀၀)ထိ ဈေးရရှိခဲ့သော်လည်း နောက်ဆုံးပတ်တွင် ကျပ်(၂၉၀၀၀၀၀/ ၃၀၀၀၀၀၀)ထိသာ ဈေးရရှိပါသည်။ နှမ်းဖြူဈေးမှာ စက်တင်ဘာ တစ်လလုံးတွင် ကျပ်(၃၀၀၀၀၀၀) ဈေးဖြင့်လည်းကောင်း၊ နှမ်း(ပြာ/နက်)မှာ ကျပ်(၂၇၅၀၀၀၀)ဈေးဖြင့်လည်းကောင်း ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

စက်တင်ဘာလ ပထမပတ်တွင် ပဲစဉ်းငုံ(နီ)ဈေးမှာ (၂၀)ပိဿာ(၁)တင်းလျှင် ကျပ်(၁၂၀၀၀၀/ ၁၃၀၀၀၀)ထိဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး နောက်ပိုင်းရက်များတွင် အရောင်းအဝယ်အေးသွားခဲ့ပါသည်။ ပဲတီစိမ်းဈေးမှာ ပထမပတ်တွင် ကျပ်(၅၂၀၀၀)ဈေးမှ နောက်ဆုံးပတ်တွင် ကျပ်(၅၉၀၀၀/ ၆၂၀၀၀)ထိ ဈေးပိုမိုရရှိပါသည်။ မတ်ပဲဈေးမှာ ပထမပတ်တွင် ကျပ်(၇၈၀၀၀)ဈေးသာရရှိပြီး နောက်ဆုံးပတ်တွင် ကျပ်(၈၄၀၀၀)ထိ ဈေးပိုမိုရရှိပါသည်။ ကုလားပဲအုပ်စုဖြစ်သည့် ကုလားပဲ(HL) ဈေးမှာ ပထမပတ်တွင် ကျပ်(၉၄၀၀၀)ဈေးထိရရှိပြီး နောက်ဆုံးပတ်တွင် ကျပ်(၉၃၅၀၀)ဈေးဖြင့် လည်းကောင်း၊ ကုလားပဲ(မြကြေး)ဈေးမှာ ပထမပတ်တွင် ကျပ်(၉၄၀၀၀)ထိဈေးနှင့် နောက်ဆုံးပတ်တွင်ကျပ်(၉၁၅၀၀)ဈေးသာရရှိပြီး ဈေးကျနေပါသည်။ ပဲကြီးဈေးမှာ စက်တင်ဘာလတစ်လလုံးတွင် ကျပ်(၁၀၀၀၀၀)ဈေးဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရှိရပါသည်။

Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး

## မန္တလေးကုန်စည်ဒိုင်နှမ်းမျိုးစုံဈေးကွက် ဈေးအေးနေ

မန္တလေးကုန်စည်ဒိုင်သို့ စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း နှမ်းမျိုးစုံဈေးကွက်ထဲ ဝင်ရောက်နေပြီး ဈေးအေးနေကြောင်းသိရသည်။ ဈေးကွက်ထဲကို နှမ်းအသစ်တွေအဝင်ရှိနေပြီး အရည်အသွေးနှင့်ဝယ်လိုအားပေါ်မူတည်၍ ဈေးအတက်အကျ ဖြစ်ပေါ်လျက်ရှိကြောင်း မန္တလေး ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၄၀၀၀၀ မှ ၃၆၅၀၀၀ ၊ယခင်တစ်ပတ် ကျပ် ၃၄၀၀၀၀ မှ ၃၆၅၀၀၀၊ ယခင်လကျပ် ၃၈၅၀၀၀ မှ ၄၀၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး ၊ ယခင်လထက်ကျပ် ၃၅၀၀၀ မှ ၄၅၀၀၀ နိမ့်ကျလာသည်။

**နှမ်းဖြူ(ဂျပန်)** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၄၀၀၀၀ မှ ၃၆၀၀၀၀ ၊ယခင်တစ်ပတ် ကျပ် ၃၈၀၀၀၀ မှ ၃၈၅၀၀၀၊ ယခင်လကျပ် ၄၂၀၀၀၀ မှ ၄၃၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၅၀၀၀ မှ ၄၀၀၀၀၊ ယခင်လထက်ကျပ် ၇၀၀၀၀ မှ ၈၀၀၀၀ နိမ့်ကျလာသည်။

**နှမ်းညို** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၉၀၀၀၀ မှ ၂၉၅၀၀၀ ၊ ယခင် တစ်ပတ်ကျပ် ၃၀၀၀၀၀ ၊ ယခင်လကျပ် ၃၀၅၀၀၀ မှ ၃၁၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ထက်ကျပ် ၅၀၀၀ မှ ၁၀၀၀၀ ၊ ယခင်လထက်ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ နိမ့်ကျလာသည်။

**နှမ်းနက်(စမုံ)** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၈၀၀၀၀ မှ ၃၄၀၀၀၀ ၊ ၊ ယခင်တစ်ပတ်ကျပ် ၂၈၀၀၀၀ မှ ၃၄၀၀၀၀ ၊ ယခင်လကျပ် ၃၄၀၀၀၀ မှ ၃၇၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး ၊ ယခင်လထက် ၃၀၀၀၀ မှ ၆၀၀၀၀ နိမ့်ကျလာသည်။

Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး

## STOCK EXCHANGE (27.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 27th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,124 (Shares) | 35,977,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 9,000 | 9,000 | 8,700 | 3,337 | 29,034,400 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,100 | 3,150 | 3,050 | 1,390 | 4,308,500 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 94 | 159,800 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 18 | 43,200 | 12,823,224 | 30,776 |
| EFR | 00006 | 2,250 | +0 | +0.00% | 2,250 | 2,250 | 2,200 | 395 | 876,250 | 19,977,223 | 44,949 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,700 | 1,800 | 1,700 | 890 | 1,555,100 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 27th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.86 | -0.40 | -0.11% | 378.38 | 378.48 | 373.75 | 6,124 | 35,977,250 | 8 | 710,819 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 6,124 (Shares) | 35,977,250 (MMK) |

## Main Board

As of 1:00 pm, 27th Sep. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,124 (Shares) | 35,977,250 (MMK) |

| MYANPIX | 376.86 ▼ 0.40 |
|---|---|
| Total Volume (shares) | 6,124 |
| Total Value (MMK) | 36 mil |
| Listed Company | 8 |
| Market Cap. (MMK) | 710,819 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,250 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 50 |

TIR